


အောင်မြင်စာပေ
ဒါရိုက်တာ ချာတူးလန်

♥ "ရှင်က...အချစ်စာရေးဆရာဆိုတော့ကာ
တိတိကျကျဖြေပါ...မေးမှာ...
ကဲ...မေးပြီ...
အချစ်ဆိုတာ ဘာလဲ?..."

♥ "ကမ္ဘာဦးအစကတည်းက ရှိခဲ့တာ...
ယနေ့ထိ လူပြောအများဆုံး
အကျော်ကြားဆုံးအရာ...
လူမျိုးဘာသာမရွေး စားသုံး
ဖွဲ့လို့ဆိုလို့ကို မဆုံးတဲ့အရာ...
ဘာလို့ ဖွဲ့ဆိုလို့ မဆုံးသလဲဆိုတော့ကာ
ဘာမှန်းကို မသိကြသေးလို့ပါ...။
အဲ့ဒါ...အဖြေပါခင်ဗျာ
အတိအကျပါ..."



# အခန်း (၁)

အင်းယားရေပြင်ဘက်က တိုက်ခတ်လာတာ သေချာပါသော မြေကြီးလက်ခတ် မလွဲနိုင်သည့် လေပြည်ညင်းသည် ဝရန်တာနားက ပြတင်းကို တိုးဝှေ့၍ သူ့နှာခေါင်းကျည်ပွေ့ကို ငွေ့ခနဲ သင်းအေးစေလိုက်သည် ။ သေချာပါသည် ..ဒါ..သူ မရှုရှိုက်ဖြစ်တာ ရက်အနည်းငယ်ကြာပြီဖြစ်သော ရေငွေ့၊ ဗေဒါငွေ့ပါသည့် အင်းယားလေ...။ မစွတ်မပွတ်၊ ကလူ၏ သို့ မြူ၏ သို့၊ တို့ ကနန်း ဆိတ်ကနန်းလေး ပြတင်းက ဝင် လုပ်သွားသဖြင့် အားပါးတရ နမ်းရှိုက်ရန် သူ ဝရန်တာကို ထွက်လိုက်သည် ။ လာလေကွာ...။ စွန်လွှတ်တုန်း အရွယ်ကလိုပင် အင်းယားလေကို သူ လေကလေးချွန်၍ ခေါ်နေသည် ။

''ရှီ!...ရှီ!...ရှီ!...''

လေက မလာတော့ပြန်။ ကျွီ...ကျွီ...ကျွီခနဲ ထိုးဆိုက်လာသည် က ကွန်တိန်နာအလတ်စား နှစ်စင်းနှင့် ကင်တာကုန်တင်ကားတစ်စင်းဖြစ်သည် ။ ပထမထပ် သူတို့ တိုက်ရှေ့လမ်းဘေး၌ စီရီရီ ထိုးဆိုက်လာခြင်းဖြစ်သည် ။ သူကလည်း ဘာရယ်မဟုတ်၊ ဘရိတ်အုပ်သံကြောင့် ငုံ့ကြည့်လိုက်မိခြင်း ဖြစ်သည် ။

ထိုကားသုံးစင်းစလုံး အိမ်ပြောင်းပစ္စည်းတွေ တင်လာခြင်း ဖြစ်မည်။ ကွန်တိန်နာနှစ်စင်းက နောက်တံခါးတွေ အလုံပိတ်ထားသော်လည်း အမိုးကိုင်းသာပါသော ကင်တာကားပေါ်က အိမ်ပြောင်းပစ္စည်း အကောင်းစားတချို့ ထိုးထိုးထောင်ထောင် ထွက်နေသည် လေ။ ဒန်းလော့မွေ့ရာတွေ၊ ဆိုဖာဆက်တီတွေ၊ ဖေါ်မိုက်ကာ ဗီရိုကြီးတွေနှင့် အကျီလှန်းစင်

တွေ၊ တိုလီမုတ်စ အကောင်းစားလေးတွေ၊ ခပ်ဆန်းဆန်းတွေ ဖြစ်နေ၏ ။

အင်း...မနေ့ကအထိ တဒုန်းဒုန်း တဒိုင်းဒိုင်း ပြင်ဆင်မွမ်းမံလို့ မပြီးနိုင်တဲ့ တို့ အပေါ်ခန်းတည့်တည့် ဖြစ်လိမ့်မယ် ထင်တယ်။ ဘယ်လိုအိမ်နီးချင်းတွေများ ဖြစ်မလဲ...ကိုယ့်ခေါင်းပေါ် နေမယ့်ဟာတွေက..ဟု တွေးလိုက်မိသည် ။

ကားတွေက လမ်းပြောင်းပြန် ရပ်ထားသည် ။

ကားတွေဆီ အိမ်ရှင်ဖြစ်နိုင်သူကို လှမ်းကြည့်၍ အလကားနေအလကား..မျက်လုံးသွားရာနောက် လိုက်ပါနေမိသည် ။ ကားဆရာတွေ၊ အလုပ်သမားတွေအားလုံး စုစုရုံးရုံးပင် လမ်းတစ်ဖက်ရှိ အိုင်တီစားသောက်ဆိုင်ဆီသို့ ကားတံခါးတွေပိတ်၍ ချီတက်သွားကြလေသည် ။ အိုင်တီရှေ့ မာစီဒီးကားနက်ကြီးဘေးမှာ ရပ်စောင့်နေသော ခပ်လှလှ မမတစ်ယောက်က ဆိုင်ထဲသို့ သူတို့ အုပ်စုကို ဦးဆောင်၍ ခေါ်သွားသည် ကို ခရေပင် အကိုင်းအခက်များ ကြားက ဝိုးတဝါး မြင်လိုက်ရသည် ။ ဟုတ်ကဲ့...အဲ့ဒါ မမအရိပ်ကို သူ အဝေးက စတင်မြင်ဖူးခြင်းလည်း ဖြစ်ပါသည် ။

ရိပ်ခနဲကပင်...လှမ်းသိခဲ့သည် ။

''ကိုကို...ဖေဖေခေါ်နေတယ်''

''ဩော်...အေး''

ညီမ မိသော်၏ အရေးတကြီးအသံ...။ သူ ဝရန်တာမှ အိမ်ထဲ အပြေးတစ်ပိုင်း ပြန်ဝင်ခဲ့သည် ။ သူ အင်းယားလေပြည်နှင့် မမအိမ်နီးချင်းကို ချက်ချင်းမေ့သွားရပါသည် ။

ဖေဖေ့အိပ်ခန်းဆီ..။

ဖေဖေ့ကိစ္စတွေပြီးတော့ အင်းယားလေပြည်ညင်းကို အရေးတကြီး သတိရမိသည် ။ ဖေဖေ့အိပ်ခန်းထဲက စပရေးနံ့ ရောစွက်သော အနံ့အသက်များကြောင့် သူ့ခေါင်း အီလည်လည် တကယ်ဖြစ်နေခဲ့ပါသည် ။

ဝရန်တာသို့ ရောက်သောအခါ ကင်တာကားက ခါလီ ပြောင်သလင်းခါနေပြီ ဖြစ်သည် ။ အလယ်ခေါင်က ရပ်ထားသော ကွန်တိန်နာကား၏ နောက်ခန်းတံခါးကြီးကိုဖွင့်ပြီး ကျွန်းဗီရိုကြီး တစ်လုံးကို လက်အိတ်တွေ စွပ်ထားသော အလုပ်သမားတစ်စုနှင့် မမလှလှကြီး ဂရုတစိုက် အောက်ချနေသည် ။ ကတ္တရားလမ်းပေါ်တွင် ဖော့တုံးဖြူဖြူများ ခံထားသည် ။

ကားသမားဖြစ်ပုံရသူတွေပါ လက်အိတ်တွေ ကောက်စွပ်၍ သတိကြီးစွာ အောက်ချနေသဖြင့် မမကို ငေးနေမိသော မျက်လုံးက ဗီရိုကြီးဆီ ရောက်သွားသည် ။ ပလတ်စတစ်အကြည်များကြားက ဖောက်ထွက်နေသော သစ်သားကနုတ်များက လှပလွန်းသည် ။ ရှေးဟောင်းလက်ရာ အင်းတိတ်(ခ်)ဖြစ်ပေမည်။

မမလှလှက အသေးစိတ် ညွှန်ကြားနေပုံမှာ အသက်မှ ရှူပါရဲ့ လားဟု ထင်မှတ်မှားရလောက်ပါသည် ။ ချောချောမောမော ချော့၍ အညင်သာဆုံး ဖော့တုံးပေါ် မတ်ရပ်ကျမှ ပင် မမနှင့် အတူ အားလုံး သက်ပြင်းချလိုက်ကြပုံလည်း ရပါသည် ။ မမက အလုပ်သမားတစ်ယောက်ထံမှ ပေဘူးယူ၍ လှေခါးအိမ်ထဲ ဝင်ရောက်ပျောက်ကွယ်သွားပြန်သည် ။ ခဏနေမှ ပြန်ထွက် လာပြီး ဗီရိုကြီးကို အသေအချာ တိုင်းနေပြန်သည် ။ သူနားစွင့်နေစဉ် ထီဆိုင်က သီချင်းသံတွေ တိတ်သွားတာနှင့် အံကိုက်ဖြစ်သွားသည် ။

''ပြဿနာပဲ မောင်တို့ ရေ''…တဲ့ ။

သူကြားလိုက်ရသော မမအသံ။

မောင်တို့ ရေတဲ့ …မောင်ဆိုသောနာမ်စားသည် ချစ်သူကို ခေါ်လေ့ရှိသော နာမ်စားဖြစ်သည် ။ သည် လူအုပ်ကြီး..(တစ်နည်း) သည် အားကောင်းမောင်းသန်တွေအားလုံး သူမ ချစ်သူတွေတော့ မဖြစ်နိုင်။ ငယ်ရွယ်သောမောင်လေးများ ဟု အဓိပ္ပါယ်သက်ရောက် ရမည်ဆိုပါကလည်း မမထက်ကြီးသော မွတ်တားမုတ်ဆိတ်ကြီးတွေလည်း ပါနေပြန်သည် ။

'မိုးလားဟေ့..မောင်တို့ ရေ၊ လေလားဟေ့..မောင်တို့ ရေ၊ ဟေးလား.. မောင်တို့ ..ဝါး..' ဆိုသော အုပ်စုသဘောမျိုး ဖြစ်မည်။ အေးလေ…ခိုင်းကောင်းအောင် စည်းရုံးရေးသဘောလည်း ပါမပေါ့ဟု တွေးရပေတော့သည် ။

မမဗိုရ်ကြီးကို ပြန်တိုင်းရင်း…

''လျှောကားခွင်ထဲ မဆန့်ဘူး၊ အထိအခိုက် အပွန်းအပဲ့ မပြောနဲ့ ခြစ်ရာလေးတောင် အဖြစ်မခံနိုင်ဘူး မောင်တို့ ရေ၊ ဘယ်လို လုပ်ကြမလဲ… ကျော်တော့ ဒုက္ခနဲ့ လှလှတွေ့ပြီ''

ပြောရင်း သူမ၏ ဝရန်တာကို မော့ကြည့်သည် ။ သူ့ဆီကို ငုံ့ထောင့်အကြည့်က စူးခနဲ ပြန်ရောက်လာသည် ။ သူ ခပ်ကြောင်ကြောင် ပြန်ငေးနေစဉ်..အေးခနဲ ရင်ထဲဖြစ်သွားအောင်ပင် သူ့ကို ပြုံးပြသည် ။ အိမ်နီးချင်းဖြစ်လာနိုင်သော ချာတိတ်တစ်ယောက်မို့ ပြုံးပြသောသဘော ထင်ပါသည် ။ မိတ်ဆက်ပြုံး ဖြစ်ပါလိမ့်မည်။ သူလည်း ပြုံးရင်း ခေါင်းဆတ်၍ အသိအမှတ်ပြုလိုက်ပါသည် ။

သည် တိုက်မှာ က လျှောကားခွင် မဆန့်သောပစ္စည်းများကို စက်သီးနှ

င့် ကြိုးရှည်သုံး၍ ..ဝရန်တာမှ တင်ကြရသောအလေ့ရှိသည် ။ အင်း…ကူညီချင်စိတ်တွေ သူ့အတွေးထဲ ဝင်လာသည် ။

ထိုစဉ်မှာ ပင် ယာဉ်ထိန်းရဲကားတစ်စီး မမတို့ နား လာထိုးရပ်သည် ။ တာဝန်ရှိသူ ဆင်း လာပြီး ကားတွေကို လမ်းပြောင်းပြန် ရပ် ထားသော ကိစ္စအတွက် စကားဆင်းပြောပုံရသည် ။ မျက်နှာချင်းဆိုင် ထီဆိုင်မှ လေးဖြူ၏ …'လုပ်ပေးလုပ်ပေး'ဟူသော သတ္တုတွင်းပြိုသည့် အသံတွေက ညံခနဲ ထွက်လာပြန်သည် ။

အသံအားလုံးကို လေးဖြူ လွှမ်းအုပ်သွား၏။

ထိုထီဆိုင်ထဲမှ ပင် လမ်းလူကြီးသား နဂါးမောင်မောင် ကား ကား, ကားကားနှင့် ထွက်လာသည် ကို တွေ့ရသည် ။ မမနှင့် ယာဉ်ထိန်းရဲ အခြေအတင်ပြောဆိုနေသည့် နေရာကို ပစ်မှတ်ထား၍ ထွက်လာခြင်းဖြစ်သည် ။ ဟန်းချိန်းဝတ်ထားသောလက် တခါခါနှင့် လူတွေကြား တိုးဝင်သွားသည် ။ နဂါးမောင်မောင်ကို သူ့နောက်ကွယ်တွင် သူကြီးသားဟု သူတို့ က ခေါ်သည် ။ နေရာတကာ ပါချင်သူဖြစ်သည် ။

မမလုလုက အရာရှိကို ပြေလည်အောင် ဖြေရှင်းနိုင်နေပုံ ရပါသည် ။ သို့သော်..သူကြီးသား ဝင်ရှင်းမှ ပင် အရာရှိက မျက်နှာကြီး နီ လာပြီး ယာဉ်မောင်းလိုင်စင်တွေ တောင်းတော့သည် ။ လူတွေကလည်း နည်းနည်းအုံလာသည် ။

မမက (အမောက်အတင်းထောင်နေသော..)နဂါးမောင်မောင်ကို တောင်းပန်ပြီး အရာရှိကားဆီ သွားသည် ။ အရာရှိက နောက်က လိုက်သွားသည် ။ မမက ခပ်တည်တည်ပင် ယာဉ်ထိန်းရဲကား၏ ရှေ့တံခါးဖွင့်၍ ဝင်ထိုင်သည် ။ ကိုယ်တိုင်မောင်းလာသော အရာရှိက ယာဉ်မောင်းနေရာ ဝင်ထိုင်သည် ။ သူ့လူတွေကို မမက ခဏဟူသော သင်္ကေတပြပြီး

ယာဉ်ထိန်းရဲကို ပြေလည်အောင် တောင်းပန်နေသည် ။

နဂါးမောင်မောင် လူပုံအလယ် ရောက်နေသည် ။ ခြေကားရား လက်ကားရားနှင့် ဘာတွေရှင်းပြနေသည် မသိ။ သူကျဆုံးသွားသောပွဲစဉ်ကို ခုခံကာကွယ်ပြောဆိုနေပုံရသည် ။ နောက်တစ်ပွဲဆီ သူဦးဆောင်ရန် ဦးတည်လိုက်ပြန်ပါသည် ။ ဗီရိုကြီးကို အသေအချာ ပတ်ကြည့်သည် ။ ခဏဘဏျဏ်ထုတ်နေပုံ လုပ်သည် ။ ဝရန်တာကို မော့ကြည့်သည် ။ အလုပ်သမားခေါင်းဆောင်ကို စက်သီးကြိုးနှင့် တင်မှ ရမည်ဖြစ်ကြောင်း လက်ဟန်ခြေဟန်နှင့် ဆရာကြီးလုပ်နေသည် ။ သည် ကိစ္စကို သူမှ မဖြေရှင်းနိုင်လျှင် ဖြေရှင်းပေးနိုင်သူ မရှိတော့သလောက်ကို ပြောဆိုနေဟန်ဖြစ်သည် ။

''ငါ့အစ်ကိုက သီဟတင်စိုးကားတွေကြည့်ပြီး တော်လှန်ရေးခေတ်လို သူကြီးသေရင်..သူ..သူကြီးဖြစ်မယ်လို့ ထင်နေတာကွ''

ဤစကားကို သူတို့ သူငယ်ချင်းအုပ်စုကြားတွင် ပြောလာသူက (နားကား)မောင်မောင်၏ ညီအရင်း (ဂိမ်း)အောင်အောင် ကိုယ် တိုင်ဖြစ်ပါသည် ။ အောင်အောင်တို့ မောင်မောင်တို့ အဖေ လမ်းမှူးက အဆုတ်ရောဂါနေသည့် ဂီလာန ဖြစ်သည် ။ သူ့ကိုယ်စား သားဖြစ်သူ နဂါးမောင်မောင်က ကိစ္စဝိစ္စတွေ ဆောင်ရွက်ရင်း သွေးကြီးသွားခြင်း ဖြစ်သည် ။

စာအုပ်ငှားဆိုင်၊ အခွေဆိုင်၊ ထီဆိုင်ကလည်း တွဲဖွင့်ထားသည် ။ (ခေတ်ဟောင်းတုန်းက နိုင်ငံခြားကားမှန်သမျှ ပိတ်ပင်သည် ။သူ့ဆီတွင် ရသည် ။) စီးပွားရေးကောင်းသဖြင့် လူငယ်တော်တော်များများကိုလည်း ဩဇာညောင်းသည် ပေါ့။ သာရေးနာရေး၊ ဓမ္မာရုံအရေး သူ့ကိုပင် ခေါင်းတင်ပေးကြသည် ။ အိတ်လည်း စိုက်နိုင်သည် လေ..။

''ဟိတ်ဆိုရင် ဟိတ်လိုက်...မောင်မောင်တဲ့ ပိတ်ဆိုရင် ပိတ်လိုက်..ဂျိ

တ်!..ခနဲမှ ကြိုက်တာ'' တွေဘာတွေ ဖြစ်လာသည် ။ သည် အိမ်ရာ၊ သည် လမ်းထဲ ဖြစ်ပျက်သမျှ သူ့မှာ တာဝန်ရှိသည် ဟု ထင်လာသည် ။ သူ့ညီအပါအဝင် လူငယ်တွေက မြှောက်ပေးလျှင် (...)တက်အောင် က, တော့သည် ။ (အဲ့လိုလူစား အတော်များများ ရှိပါသည် ။ ခေတ်ဟောင်းတုန်းက ပြောပါတယ်။) ထိုစဉ်..လေးဖြူ ထိုးရပ်သွားသည် ။ မီးပျက်သွား၍ ဖြစ်သည် ။

''ညီလေးအောင်အောင်နဲ့ ဟိုကောင်ဆန်နီ လာဦး၊ ဓမ္မာရုံမှာ စက်သီးနှစ်လုံးနဲ့ ကြိုးနှစ်ခွေ သွားယူကွာ၊ ငါကလို့ ပြောလိုက်''

''သွားယူတာက ဟုတ်တယ်၊ ဟိုတစ်ခါက ဒါမပေးလို့ .. ပစ္စည်းထိန်း ကိုအောင်မင်းက ဘုတော့တယ် အစ်ကိုရ''

ညီရင်းအောင်အောင်က လက်ညှိုးလက်မ ဝိုင်းပြရင်း ပြန် အော်သည် ။ ဓမ္မာရုံတွင် ရပ်ကွက်ထဲလိုအပ်သော ပစ္စည်းအစုံ ရှိ သည် ။ နဝကမ္မ အလှူငွေပေး၍ ငှားရမ်းရသည် ။ သာရေးနာရေး ရန်ပုံငွေဖြစ်သည် ။ အမှန်က ကိုအောင်မင်းက ဘာတစ်ခွန်းမှ မပြောပါ။

''လှူချင်ရင် ဟိုမယ်..ပုံးထဲထည့်သွား၊ ကိုယ့်လူငယ်တွေ လိုအပ်လို့ ငှားတာပဲ..ဘုံပစ္စည်းပဲ'' ဟု ဆိုတတ်သူပါ။ သူ့အစ်ကို လူထူထူ၌ ပါဝါပြနေလျှင် ဖွတ်ကလိဒင်္ဂါး ထွက်ကျလာတတ်ကြောင်း အောင်အောင်က ဘိုင်သေ သိနေသဖြင့် ကလိလိုက်ခြင်းဖြစ်သည် ။ သူ ဂိမ်းကစားဖို့ ရေပြတ်နေသဖြင့် အကွက်ဝင်တုန်း ဇယားရွှေ့ခြင်း ဖြစ်သည် ။ အောင်အောင်က အိတ်ကပ်ထဲက ပိုက်ဆံအိတ် ထုတ်နေသော သူ့အစ်ကို,ကိုကြည့်ရင်း ဝရန်တာကသူ့ဆီပါ တစ်ဆက်တည်း အကြည့်ရောက်လာကာ မျက်စိတစ်ဖက် မှိတ်ပြသည် ။

''မင်းဂိမ်းကြွေးဆပ်မယ် ဘုန်းသော်'' ဟူသော ဘာသာစကားဖြစ်သ

ည် ။ သူ အောင်အောင့်ကို ပြန်ပြုံးပြလိုက်ပါသည် ။

ဟော...မမလှလှ လူအုပ်ဆီ ပြန်တိုးဝင်လာနေပြီ။

''ရော့...အရင်ငှားတာပါ ပေါင်းပေးလိုက် ငါ့ညီ''

နဂါးမောင်မောင်..မမကို မြင်၍ ငါးထောင်တန်တစ်ရွက် သူ့ညီကို ကမ်းပေးသည် ။ အောင်အောင်က ဆတ်ခနဲ ဆွဲယူသည် ။

''ဘာတွေလုပ်နေကြတာလဲ မောင်တို့ ၊ မမကျော်ကိုလည်း ပြောကြပါဦးကွဲ့''

ဖော်ရွေလင်းလက်သော အပြုံးနှင့် ဟန်ပန်က ဝိုင်းကြည့်နေသော ပုရိသဝေနေယျအားလုံးကို ညှို့ယူလိုက်ပါတော့သည် ။

''ဟိုခေါင်းဖြူနဲ့ ပြေလည်သွားပလား မမ၊ ဒီလူ သက်သက် လာခုတ်တာဗျ၊ ကျွန်တော့်လမ်းထဲ ဒါမျိုး...''

''ဟိုးထား...မောင်၊ အဲ့ဒီကိစ္စ မေ့လိုက်တော့၊ ယာဉ်စည်းကမ်းအရတို့ ဘက်က အမှားလေ၊ ထားပါတော့...ခုဟာက ဘာ လုပ်နေကြတာလဲ လို့ ''

ကိုမောင်မောင်..မီဂါဝပ် အတော်များ သော ညှို့ခြင်းပြင်းအားထဲ လက်နောက်ပစ်လိုက်၊ ခါးပုံစ အုပ်လိုက်၊ တင်ပါးဘေး တွဲ လောင်းချလိုက်နှင့် သူ့လက်သူ ဘယ်နားထားရမှန်းမသိ ဖြစ်နေပုံကို ဘုန်းသော်မည်သော သူကတော့ အပေါ်စီးက ကြည့်၍ ရယ်နေမိသည် ။ လက်ဝါးပွတ်ရင်း...

''ကျွန်တော်က ဒီလမ်း သာရေးနာရေးက လူမှုရေးမောင်မောင်ပါခင်ဗျ၊ ဟိုဟာ ကျွန်တော့်ဆိုင်ပါ၊ မမက လမ်းထဲပြောင်းလာတာဆိုတော့ လမ်းမိသားစုဝင်လို့ ပဲ ကျွန်တော်များက ယူဆပါတယ်၊ မမရဲ့ အခက်အခဲ

ကို ကျွန်တော်များ လှိုက်လှိုက်လှဲလှဲ ကူညီကြမလို့ ပါခင်ဗျ..ငှဲ..ငှဲ..၊ အဲ... အဲ့ဒါ...အဲ''

''ဝမ်းသာလိုက်တာကွယ်...မမနာမည် ထားထားကျော်ပါ''

ခုမှ ပင် နဂါး၏ လက်ဝါး မီးခိုးလူအောင် ပွတ်နေရာမှ ဘယ်နား ထားရမည်ဆိုတာ နေရာတွေ့သွားလေသည် ။ ဆန့်ထွက်လာသော မမ ၏ လက်ဝါးထဲ ဝမ်းသာအားရ ထိုးထည့်လိုက်မိခြင်းဖြစ်ပါသည် ။ အ တွေ့ကြောင့် ဓါတ်လိုက်သလိုလည်း တွန့်ခနဲဖြစ်သွား၏။ (မြင်သာနေ၍ ပါ။)

''လမ်းထဲက ညီငယ်လေးတွေကလည်း ကျွန်တော်ပြီးရင် ပြီးပါတယ် ခင်ဗျ၊ မမရဲ့ အင်မတန်လှတဲ့ ဗီရိုကြီး ချလိုက်တယ်ဆိုက တည်းက...အ င်း...လှေကားခွင်မှာ တော့ ပြဿနာရှိတော့မှာ ပဲဆိုတာ ကျွန်တော်က တန်းမြင်လိုက်ပြီး စက်သီးနဲ့ ကြိုးနဲ့ လိုအပ်နေပြီ၊ ဝရန်တာက ဆွဲတင်မှ ကို ဖြစ်တော့မယ်ဆိုတာကို မောင်မောင်တို့ က သိလိုက်ပြီး...''

မမလက်ကို မလွှတ်သေးဘဲ ဇယ်ဆက်အောင် စကားလုံးတွေ ပစ်ထ ည့်နေသည် ။ မမက သူ့လက်ကို ပေးထားရင်း ကြည့်နေသည် ။

''အခု ညီငယ်တွေကို ဓမ္မာရုံမှ စက်သီးနဲ့ မနီလာကြိုးနှစ်ခွေ သွားငှား ဖို့ ကျွန်တော်စီစဉ်နေတာပါ၊ အောင်အောင်...နဝကမ္မ အလှူငွေ အဲဒီငါး ထောင်လုံး လှူလိုက်ကွာ၊ ကဲ...မင်းတို့ သွားကြလေ''

''ဟုတ်ကဲ့''

အောင်အောင်က..ငါးထောင်တန် သပိတ်ဝင်အိတ်ဝင် အိတ်ထဲ ထည့် လိုက်ပါပြီ။

''နေဦး မောင်တို့ ၊ မမကိစ္စ မမပဲ ပေးရမှာ ပေါ့ကွယ်၊ အဲဒီ အလှူငွေ

မမပဲ ကုသိုလ်ယူပါရစေ၊ ကိုမောင်မောင်...မမလက် ခဏလောက် ပြန်ပေးပါဦး''

''အား...အဲ...ဆောရီး၊ ယောင်ပြီး မေ့..မေ့နေတာ''

မမလက်လည်း ခုမှ ပင် လွတ်လပ်ရေးရသွားသဖြင့် လွယ်ထားသော သားရေအိတ်ကြီးကို ခလုတ်ဖွင့်နိုင်တော့သည် ။ နောက်ထပ် ဆင်ဖြူတော်တစ်ကောင် အောင်အောင့်လက်ထဲ ရောက်သွားပြန်သည် ။

''ကိုမောင်မောင့်ပိုက်ဆံ ပြန်ပေးလိုက် မောင်လေး''

အောင်အောင်က မမလက်ထဲက ပိုက်ဆံကို ဆတ်ခနဲ လှမ်းယူရင်း...

''ကျွန်တော့်အစ်ကိုအရင်း ကိုမောင်က ထွက်ပြီးသားဆင်စွယ်လေ မမရဲ့ ၊ ပြန်ဝင်ရိုးထုံးစံ မရှိဘူး၊ သူ ဒီဆင်ဖြူတော်ကို လှူဖို့ အခုပဲ ပြောလိုက်ပြီးပြီလေ၊ လာဟေ့..ဆန်နီ၊ ဓမ္မာရုံကို လစ်စို့''

နဂါးမောင်မောင်က လှမ်းအော်ဖြစ်အောင် အော်လိုက်သေးသည် ။

''ဟေ့ကောင်..အောင်အောင်၊ ငါ..ငါ..ကိုအောင်မင်းကို မေးကြည့်မှာနော်''

အောင်အောင်နှင့် ဆန်နီ ဓမ္မာရုံအဝရောက်သည် နှင့် ဖုန်းကိုင်ထားသော ကိုအောင်မင်းက တံခါးဝကို လှမ်းကြည့်ရင်း...

''နေဦး...နေဦး...မောင်ဘုန်း၊ ဟိုမယ် အောင်အောင်တို့ လာနေပြီ''

ဖုန်းက ဓမ္မာရုံကို ကြိုရောက်နေသည် လေ။

''ဟလို...အောင်အောင်ပါ''

''အေး...ငါ..ဘုန်းသော်ပါ''

''ဘာလဲ ဘုန်းသော်၊ မင်း..ငါ ဆင်ဖြူတော်နှစ်ကောင် ဇယားရှေ့တာ

ကို လှမ်းကြည့်ပြီး ဂိမ်းကြွေးတောင်းမလို့ မှတ်လား''

''မှတ်ဘူး အောင်အောင်၊ မင်းဇယား ဒီထက်လှအောင် ငါရွှေ့ပြမလို့၊ မင်း ဓမ္မာရုံက စက်သီးတွေ ကြိုးတွေ မပါဘဲ အဲ့ဒီဗီရိုအင်းတိုက်(ခ်)ကြီး..အခြစ်ရာလေးတောင် မထင်စေရဘဲ အဲ့ဒီဝရန်တာကို ကျော်ပြီး..ညင်ညင်သာသာ ဧည့်ခန်းထဲရောက်သွားစေရမယ်လို့ မင်းအစ်ကို,ကို ကျော်ပြီး အဲ့ဒီမမလှလှကြီးကို နားပေါက်အောင်ပြောလိုက်... ငါလုပ်ပေးမယ်''

''ဟော့ကောင်..ဘုန်းသော်၊ မင်းက ဟယ်ရီပေါ်တာလား၊ မင်းမှာ မှော်နှင်တံ ရှိလို့ လား၊ မဟုတ်မဟပ်တွေကွာ...လူကြားထဲ သောက်ရှက်ကွဲနေပါ့မယ်''

''ဟော့ကောင်...အောင်အောင်၊ ငါ..ဘုန်းသော်နော်၊ ငါ ဘယ်တုန်းကနောက်ဖူးလဲ၊ မင်းတို့ မဖြစ်နိုင်ဘူးဆိုတာတွေ ငါ လုပ်ပြခဲ့ဖူးတာ မင်းပြန်စဉ်းစားလိုက်''

ဆန်နီလည်း စပီကာမှ ဘုန်းသော်အသံကို ကြားနေရသည် ။ ကိုအောင်မင်းလည်း ဖုန်းဘေး၌ ရှိနေသည် ။ တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် ကြည့်လိုက်ကြသည် ။

အောင်အောင်က...

''ဒါဆို စက်သီးတွေ ကြိုးတွေ မယူရဘူးပေ့ါ''

''မယူနဲ့ ''

''ဘာမှ မထိခိုက်ဘဲ ဝရန်တာကို ကျော်တင်ပေးရမှာ နော်''

''အေးပါဆိုကွာ''

''ငါ့အစ်ကို,ကို ကျော်ပြီး မမ နားပေါက်အောင် သွားပြောပေးရမယ် ဆိုတာက ဘယ်လိုလဲ ဘုန်းသော်''

''အသေအချာ နားထောင်...ဆန်နီကို ပြန်လွှတ်လိုက်၊ အဲ့ဒီမမရဲ့ အလုပ်သမားထဲက တစ်ယောက်ကို ချဉ်းကပ်၊ ဘာကြိုးနဲ့ မှ မတုပ်ဘဲ၊ ဘာစက်သီးမှ မပါဘဲ..ချောချောမောမော ဧည့်ခန်းထဲ အရောက်သွင်းပေးမယ့်သူ ရှိတယ်လို့ မမကို ကပ်ပြောခိုင်း၊ ကုန်ကျစရိတ်တော့ ရှိမယ်လို့ ပြော၊ ခဏလေးနဲ့ ပြီးသွားစေရမယ်လို့ မင်းအစ်ကိုကို မသိအောင် ပြောခိုင်း၊ ဒါပဲ အောင်အောင်၊ ကျန်တာ ငါ့တာဝန်ထား၊ မင်း အဲ့ဒီဓမ္မာရုံကပဲ စောင့်နေ၊ ငါချက်ချင်းလာခဲ့မယ်''

''အေး...ငါ့သပိတ်ဝင်အိတ်ဝင် ဆင်နှစ်ကောင် အိတ်ကပ်ထဲက ပြန်မထွက်ရင်တော့ ပိုကောင်းမယ် ဘုန်းသော်''

''မင်းကလည်း ...လောဘကြီးလှချည်လားကွာ၊ နည်းနည်းပါးပါး တော့ သုံးသင့်ရင် သုံးရမှာ ပေါ့၊ ဒီလိုလုပ်...ငါနိုင်ထားတဲ့ ဂိမ်းကြေးလေးထောင့်ငါးရာ လျှော့တယ်ကွာ၊ မင်း အခု ဆန်နီကို ပြန်လွှတ်လိုက်တော့၊ ကိုမောင် မတွေ့စေနဲ့ နော်''

''ငါ့တပည့်ဆန်နီ အဲ့လောက်မညံ့ဘူး ဘုန်းသော်၊ ဒီကောင် ဓါတ်တယ်''

''ဟော့ကောင်..အောင်အောင်..ပေါက်စီနော်''

ဆန်နီက ဘီယာဝီစကီ တောင်းခံ၏။

''အေးပါကွာ...မင်းဒိုးတော့''

အောင်အောင်က အိတ်ပုတ်ပြရင်း ပြောခြင်း ဖြစ်၏။

''ကဲ...အောင်အောင်၊ ငါးမိနစ်အတွင်း ငါလာနေပြီ''

သူ ဖုန်းဖြတ်လိုက်သည် ။ ဖုန်းနံပါတ်တစ်ခုကို ထပ်နှိပ်သည် ။

''ဟဲလို...ကိုကြီးကောင်းစံလား''

''အေး...ဘာအကူအညီလိုလဲ ညီလေး ဘုန်းသော်''

''အစ်ကိုကောင်း ဘယ်မှာ ရှိတယ်ဆိုတာ...ကျွန်တော် ဒိဗ္ဗစက္ခု မပါဘဲ ဝရန်တာက လှမ်းမြင်နေရတယ်၊ ခွင်ရှိတယ် အလုပ်ပြီးပြီမှတ်လား၊ အခုချက်ချင်း အိုင်တီစားသောက်ဆိုင်ကို မောင်းလာခဲ့လို့ ရမလား၊ ကျွန်တော်နဲ့ အောင်အောင် စောင့်နေမယ်''

''လေးမိနစ်အတွင်းရောက်မယ် ညီလေး''

''အာ...အာ...နေဦး...သိပ်မလောနဲ့၊ ဆယ်မိနစ်လောက် ထားလိုက်''

''အိုကေ...အိုင်ဝဲလ်ဘီ ရိုက်သဲဝစ်သင်း တင်းန်မိနစ်စ်''

''အိုကေ''

ဆယ်မိနစ်အတွင်း အဲ့ဒီရောက်လာမယ်ဟု ဘိုလိုတော့(ခ်) ခြင်း ဖြစ်၏။ သူပြုံးလိုက်သည် ။ နာရီကြည့်သည် ။ နှစ်မိနစ် ဝရန်တာမှာ ပင် အချိန်ဖြုန်း၍ စောင့်ကြည့်စရာရှိသေးသည် ။

မကြာခင် ဆန်နီကို လှမ်းမြင်ရသည် ။ အစ္စန်က မမအလုပ်သမားတစ်ယောက်ကို စကားကပ်ပြောနေသည် ။ ကိုမောင်မောင်နှင့် မမလှလှက ကိုမောင်မောင် ချပေးသော ပလတ်စတစ် ကုလားထိုင်နှစ်လုံးနှင့် ရေနွေးဗန်းနှင့် လမ်းဘေးရှိ ပင်လယ်ကဗွီးပင်အောက်တွင် ခပ်ခွာခွာ ထိုင်စကားပြောနေကြသည် ။ အလုပ်သမားက မမကို နား, နား လာကပ်ပြောသည် ။

ဆန်နီက ဝရန်တာက သူ့ဆီ လက်မ လှမ်းထောင်ပြသည် ။ မမ ပါးစ

ပ်လှုပ်ရုံ ပြန်မေးသောစကားကို သူကြားရသလိုပါပေ။

''ဟယ်!..တကယ်လား မောင်၊ ဘယ်သူက လုပ်ပေးမှာ လဲ''

အလုပ်သမား ဝရန်တာကသူ့ကို လှမ်းကြည့်သည် ။ အလုပ်သမားက ဘာပြောမည်ကို သူသိသည် ။ မမ ဝရန်တာကသူ့ဆီ မော့ကြည့်သည် ။ ဓါတ်ဘူးထဲက ရေနွေးငှဲ့နေသော ကိုမောင်မောင် မမြင်ခင် မမကိုပြုံးပြ၍ လက်မပါထောင်ပြရင်း သူ ဝရန်တာက ကိုယ် ယောင်ဖျောက်လိုက်သည် ။

''ရှပ်!...ရှင်း!...''

ဟင်း...ဟင်း...ကိုနဂါးရေ ခင်ဗျားအမောက်ကို (ရည်ရွယ်ချက်ရှိရှိနဲ့ ) တမင်ချိုးတာတော့ မဟုတ်ရပေါင်ပါဗျာ..ရိုးပါတယ်၊ သူ့ဟာသူ ခွင်ဝင်လာလို့ ခပ်ပါးပါးလေး ရွှေ့လိုက်တဲ့ ဇယားပါ။

ဟဲ...ဟဲ...အလကားနေ အလကား။

မကြာခင် ကုမ္ပဏီတံဆိပ်ပါသော ဓါတ်မီးတိုင် အလှဆင် (တိုင်ထိပ်တက်၍ ) ပြုပြင်သည့် ဟိုက်ဒရောလစ်ကားကြီး ခေါင်းထိုး ဆိုက်လာသည် ။ ဆင်းလာသော ဘုန်းသော်နှင့် အောင်အောင်ကို ကိုမောင်မောင် အကြောင်သား ကြည့်နေရတော့သည် ။

ကရိန်းမောင်းခွက်တံနှင့် ကား ဖြစ်၏။ နောက်ထပ်သိပ်မကြာခင်မှာ ပင် ရှေးဟောင်းဗီရိုကြီးနှင့် အခြားအရေးကြီးသော အလေးအပင်ပစ္စည်းများ ဒုတိယထပ် ဝရန်တာမှ တစ်ဆင့် မမ၏ အိမ်ခန်းထဲ သာသာယာယာပင်(ခြစ်ရာရှရာလေးပင် မထင်ဘဲ)လျှောခနဲ ဝင်ရောက်သွားကြလေတော့သည် ။

''အဲ့ဒါ ကျွန်တော့်ကောင်လေးတွေလေ မမကျော်''

ဟု ပြောဖြစ်အောင် ဝင်ပြော၍ မရရအောင် ပဏာဝင်ယူသူက အသူ ရှိပါဦးမည်နည်း။

*